သင်ခန်းစာ ၁-၁၃

ဝိညာဉ်ရေးစာစောင်

ဤအနာဂတ်ဖြို ကျမ်းစကားကို ကြည့်ရှု ဖတ်ရှုတ်၊ နားထောင်၍
ရေးထားသမျှတို့ကို စောင့်ရှောက်သောသူတို့သည်။
မင်္ဂလာရှိကြ၏ ။ ဗျာဒိတ် ၁း၃

အမှတ်စဉ် ( ၁၃ ) | စက်တင်ဘာလ | ၂၀၀၂ ခုနှစ် | ဧမ္မာနွေလ ( ဘဝ၌ ပထမ တနင်္ဂနွေနေ့တိုင်း ဖြန့်ဝေသည်။ )



ယောဇရာဘုရားက ... "ခါနန်ပြည်ကို စူးစမ်းစေခြင်းငှာ၊ တစ်မျိုးတစ်ယောက်စီ ရွေးကောက်၍ စေလွှတ်လော့။" ဟုမိန့်တော်မူခဲ့သည်။ တော ၁၃း၁-၃၃ ဘုရားရှင်က အဘယ်ကြောင့် ဤသို့ စေခိုင်းခဲ့သနည်း။

မောရှေ ကလည်း " ထိုပြည်သည် အဘယ်သို့သော ပြည်ဖြစ်သနည်း " ဟု အောက်ပါအတိုင်းစုံစမ်း စေ၏။

* ပြည်သားတို့သည် အားနည်းသလော၊ အားကြီးသလော။
* များသလော၊ နည်းသလော။
* ကောင်းသလော၊ မကောင်းသလော။
* သူတို့နေသော မြို့ရွာတို့သည် အဘယ်သို့နည်း။
* တဲနှင့် နေကြသလော၊
* ခိုင်ခံ့သော မြို့နှင့်နေကြသလော။
* ထိုမြေသည် ကောင်းသလော၊ မကောင်းသလော။
* သစ်ပင်များသလော၊ နည်းသလော။

အထက်ပါ စေးမြန်းမှုများက ဘုရားရှင် စီစဉ်ပြီးသား အစီအစဉ်ဖြစ်သည်။ ကတိတော်မြေသို့ ပို့ဆောင်ခြင်း အစီအစဉ်အပေါ်၌ အကျိုးသက်ရောက်မှု ရှိပါမည်လော။ သို့ဖြစ်လျှင် ဘုရားရှင်က ခါနန်ပြည်ကိုစုံစမ်းပါ ဟု အဘယ့်ကြောင့် စေခိုင်းခဲ့သနည်း။ ထိုသို့ စေခိုင်းခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များက လူအုပ်စု နှစ်စုကွဲပြား သွားစေခဲ့သည်။

(က) အုပ်စု — ရှမ်းအမျိုး ရှမ္မာ နှင့် အခြား ကိုးဦး။

(ခ) အုပ်စု... ယုဒ အမျိုး ကာလက်နှင့် ဧဖရိမ်အမျိုး ယောရှု။

(က) အုပ်စု က ဤသို့ သတင်းပြန်ကြားပါသည်။

* ပြည်သူပြည်သားတို့သည် အားကြီး၏။
* ခိုင်ခံ့သော မြို့နှင့်နေကြ၏။
* အာနက ( GAINTS) တို့ နေကြ၏။ ငါတို့ တိုက်နိုင်၊ ငါတို့ထက်အားကြီး၏။
* မြေသည်လည်း သီးနှံ လုံလောက်အောင် မပေးနိုင်ပါ။
* သူတို့ ရှေ့တွင် ငါတို့သည် နှံကောင်ကဲ့သို့ ဖြစ်နေ၏။

ထိုသို့ သတင်းပြန်ရာ၌ တိုင်းပြည်မှ အလေးအနက်ရှိသော (စေ့တော်မှ) စပျစ်သီး တစ်ခက်ကိုပင် ရှုနှစ်ဦး ထမ်းခဲ့ကြပြီးဖြစ်သည်။ မည်မျှ ဒိုဒိုသာသာ မကောင်းသတင်း ဖြန့်ခဲ့ပါသနည်း။

(ခ) အုပ်စုက ဤသို့ ပြောသည်။

* ထိုပြည်ကို ချက်ခြင်းသွား၍ သိမ်းကြစို့။
* ငါတို့သည် သူတို့ထက်ပို၍ အားကြီးသည်။

ဤမျှသာဖြစ်သည်။ ယောရှု နှင့် ကာလက်၏ ပြောစကား၌ အမိုမပါပါ။ ဘုရားရှင်ပြုသည့်အမှုကိုသာ စိတ်ချကျက်ပြောခြင်းဖြစ်သည်။ ယုံကြည်ခြင်း၏ သက်သေစကား ဖြစ်သည်။ **ယုံသည့်အတိုင်းပြောသည်။**

ဤနေရာတွင်ဘုရားရှင်က လူတို့အား ယုံကြည်ခြင်း စိတ်ချမှုကိုသာ စုံစမ်းခဲ့ခြင်းဖြစ်သည်။ ရန်သူအင်အား အနေအထားကို တိုင်းတာတွက်ချက်ရန် စေခိုင်းလိုခြင်း မဟုတ်ပါ။ ရန်သူအားကြီးခြင်း၊ သန်မာခြင်း၊ အခြေအနေ အပေါ်၌ ရှုနေခြင်းက ဘုရားရှင်၌ အကြွင်းမဲ့ကိုးစားသူတွေအတွက် သက်ဆိုင်မှုမရှိပါ။ ကတိတော် ရှိသော ဘုရားသည်ကိုးစားသူအတွက် ကတိတည်စေမည်ကို ယုံသော ကာလက် က မိမိတို့နိုင်မည်ဟု စိတ်ချလျက်ပြောခဲ့သဖြင့် ခါနန်ပြည်ဝင်ရှိန်၌ ကောင်းစားခဲ့ပါသည်။ နှုတ်ခမ်းအသီးစားရခဲ့သူ၊ အောင်မြင်သူဖြစ်ခဲ့ပါသည်။ ယောရှုသည်လည်း မောရှေ ကိုယ်စား ဦးဆောင်သူနေရာကို ယူခဲ့ရပါသေးသည်။ ခေါင်းဆောင် ကောင်းဖြစ်ခဲ့ပါသည်။

* ယနေ့ တန်ခိုးကြီးသောဘုရားကို ယုံသောဘုရားသားသမီးတို့ တန်ခိုးကို ခံစားရမှီနေပါသည်။ "ယုံလျှင် မြင်ရမည်" ဟုကျမ်းစာကပြောသည်။ ယောဟန်၊ ၁၁း၄၀
* လောက၌ သက်မွေးဝမ်းကြောင်း ရှာဖွေစားသောက်လျက် လုပ်ငန်းဆောင်ရွက်ပါ၍ ကိုယ်လက်နာကျင်သူက "အလုပ်များ၍ နာကျင်ကိုက်ခဲနေသည်" ဆို၏။ ကျွန်ုပ်က 'ယုံလျှင် မြင်ရမည်' ယော ၁၁း၄၀၊ ဟုပြောပြီး အလုပ်မှပြန်လာသည်နှင့် အပင်ပန်းမလဲမို ပူးဆောက်လျက် ကျေးဇူးတော်ချီးမွမ်းပါ။ ပင်ပန်းခြင်းကို နှုတ်မှထင်စား ပြောဆိုမှုကိုရှောင်ပါ။ ပင်ပန်းကြောင်း၊ မောကြောင်း၊ နာကြောင်းများကို သူတပါး သနားအောင် ပုံကြီးချဲ့ပို့ ပြောဆိုနေခြင်းက ပို၍ပင်ပန်းနာကျင်စေမည်ဟု ဘွန်သင် ယားပါသည်။

အထက်ပါ ဘုရားရှင်၏ ဘွန်သင်မှုကြောင့် ဆင်းရဲခြင်း၊ ခေါင်းပါးခြင်း၊ နိမ့်ကျခြင်း၊ သူတပါးအနိုင်ကျင့်ခြင်း စသည့်ကြောင်းများ ပြောဆိုခြင်းများကို နှုတ်မှ ရှောင်ပါ။ ဘုရားရှင် ကြီးမြတ်ကြောင်း၊ ကောင်းမြတ်ကြောင်း၊ တတ်နိုင်ကြောင်း စသည့် ဘုန်းကြီးခြင်းဆိုင်ရာ ကတိတော်များကို နှုတ်မှဝန်ခံပြောဆိုပါ။ သုတ္တံ ၁၃း၁-၂၊ နှုတ်အသီးစားရမည်ဟု ဆိုပါသည်။ ယုံကြည်သူများက လူ့အမျိုးမျိုး၏ မကောင်းသတင်းကိုသာ အထပ်ထပ်ဝန်ခံပြောနေကြ၍ မကောင်းကျိုးအပေါင်းကို ခံစားနေကြရပါသည်။ ခါတ်ပြားယောင်း လှန်နေကြ၍ ပင်ပန်းဆင်းရဲ နိမ့်ကျခြင်း တောထဲ၌ လှည့်လည်နေရသည်။ ဘုရားရှင်ပြင်ဆင်ထားပြီးသော ကောင်းကြီးနှင့် အလှမ်းကွာနေသည်။ နှုတ်ကပါတ်တော်မှ ဘွန်သင်ချက်ကို ခံ့မြဲစွာဖတ်၊ မှတ်၊ ဆင်ခြင်လိုက်နာသူက ကတိတော်ကိုယုံ၍ အကြွင်းမဲ့ကိုးစားတတ်လာသည်။

နှုတ်ကပါတ်တော်ကို ဆင်ခြင်အားနည်းသူက လူ့ဉာဏ် လူ့အမြင်အတိုင်း စဉ်းစားလုပ်ကိုင် စေခန်တာတ်သည်။ ထိုအခါ စိတ်တော်မတွေ့ တောထဲ၌ လည်နေရပါတော့သည်။ ဆင်းရဲ နာကြ၊ ဆင်းရဲကြ၊ လောဘ၊ မောဟ၊ ပေါ်ယ တော၌ လည်နေကြရပါသည်။ ယနေ့ ဗိမ်၏ ယုံကြည်ခြင်းကိုစစ်ကြောသင့်ပါသည်။ ဟေဗြဲ ၁၁း၆ " ရှာသောသူအား အကျိုးပေးသော ဘုရား" ကို အကြွင်းမဲ့ ရှိသေလေးစားရမည်။ "ရှာ" ဟုဆိုရာ၌ အကြွင်းမဲ့ စက်မြူကိုးကွယ် အဝိဂုံ၊ ယုံကြည်

သခင်ဗကား၊ ဓာတ်ဗောင်အား၊ ဓာတ်နှစ်ပြည့် သည့် ဇိုင်းအောင် ပို့ ဆောင်ပေးခဲ့သော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။

လျက် ကိုးစားခြင်းဟု အဓိပ္ပာယ်ရှိသည်။ ယောရှာယ ၅၅း၆-၇၊ ယောရှာယ ၃၂း၁၅၊ ၁၁း၂-၃။

မိမိကိုယ်တိုင်က ဘုရားရှင်၏ မျက်နှာကိုမရှာ၊ ဘုရားရှင်နှင့် အကျွမ်းမဝင်ပါလျှင် ကောင်းအားသေချမ်းသာလိမ့်မည်မဟုတ်။ (ဧသတာ ၂၂း၂၁) မိမိအပြစ်သာ ဖြစ်သည်။ ယနေ့ ပါတီစန်းကျင် အခြေအနေ၊ ကုန်ဈေးနှုန်း၊ လူမှုရေး ပြဿနာ၊ တပါးသူ၏ မကောင်းကြောင်း မှစ၍ ဆုတ်ယုတ်ကျဆင်းစေသော စကားများကို အထပ်ထပ် ပြောဆိုဖို့ ... ခွန့်ပစ်ပါ။ စိတ်ဓာတ်နှင့် တွေ့မည့်စကားများကိုသာ ပြောဆိုပါ။ သင့်နှလုံးသားသည် ခါနန်ပြည်၏ ကောင်းစားရိပ်မြိုင်နှင့် ပြည့်လျှံလာပါမည်။ သို့ဆိုလျှင် သင့်အသက်တာ၌ ခါနန်ပြည်၏ ကောင်းစားခြင်းကို ခံစားရပါတော့မည်။ ။**စန်းစန်းမြင့်(စင်ကာပူ)**

# HAPPY BIRTHDAY အဖေါး

"ဟက်ပီး ဘာ့သ်ဒေး အပါး" ဒီနေ့ (၂၂-၀၇-၀၂) ဟာ ကျွန်မ ဖခင်ရဲ့ နှစ် ၅၀ ပြည့် မွေးနေ့ဖြစ်တဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါတယ်။
ကျွန်မရဲ့ ဖခင်အား နှစ် ၅၀ လုံးကြည့်ရှုစောင့်ရှောက်ပြီး ကောင်းချီးတွေ ပေးခဲ့လို့ပေါ့။ ကျွန်မကတော့ ခါတိုင်းလိုပဲ ချီးချီးလေး ကျေးဇူးတော် ချီးမွမ်းမိပါတယ်။
အပါးလို လူမျိုးကို ဖခင်အဖြစ် သမီးဘဝအတွက် ပေးထားလို့ကျေးဇူးတင်ပါတယ်လို့ပေါ့။ ကျွန်မရဲ့ ဖခင်ကို အရမ်းဘဲ လွမ်းမိပါတယ်။
ဒီနေ့အပါးရဲ့ မွေးနေ့ဆိုတော့ ပိုပြီးသတိရနေပါတယ်။ မနက်ပိုင်းအစောကြီးမှာတော့ ကျွန်မတို့မောင်နှမတွေ အပါးကို ဖုန်းထဲကနေ နှုတ်ဆက်ခဲ့သေးတယ်။
ဒါပေမဲ့ ကျွန်မကတော့ အပါးနဲ့ မြန်မာနိုင်ငံမှာ အတူနေခဲ့ရတဲ့ ပုံရိပ်တွေကိုပြန်ပြီး သတိရပြင်းယောင်မိတယ်။
အပါးက ကျွန်မ ငယ်ငယ်တုံးက ကျွန်မကို လိုက်လိုက် ကိုက်ပြီး ကစားခဲ့တယ်။ အခု ကျွန်မကြီးလာတော့ အပါးရဲ့ ပုခုံးကို ပြန်လိုက်ကိုက်ပြီး အပါးကို ကလိထိုးခဲ့တယ်။
ကျွန်မ ဖခင်က အလွန်ကျော်ကြားတဲ့ ကမ္ဘာကျော် ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ မိတ်ဆွေသော်တော်များများလောင်မရှိတဲ့ သာမာန်လူပါ။
ဒါပေမဲ့ ကျွန်မ ဖခင်က ကျွန်မအတွက်တော့ သာမာန်လူ မဟုတ်ပါဘူး။ ဘုရားသခင်ကနေပြီးတော့ ကျွန်မ တဘဝလုံးအတွက်လုံခြုံစိတ်ချပြီး သေးနွမ်းအောင်နေနိုင်ဖို့ ပို့ပေးလိုက်တဲ့ ကြီးမားတဲ့ အားကိုးရာပါ။
ကျွန် မဖခင်က ကြွယ်ဝါးမှုနှင့် သာအောင်လုပ်ငန်းမှာ တာဝန်ထမ်းဆောင်တဲ့အတွက် အိမ်မှာ ကြာကြာမနေရဘဲ ခရီးအမြဲထွက်နေရပေမဲ့ ဒါပေမဲ့ ကျွန်မဖခင်က ကျွန်မဘဝအတွက် အရေးပါမဲ့ကိစ္စတွေကို သင်ကြားပေးတဲ့ လက်ဦးဆရာပါ။
ကျွန်မကို နာရီကြည့်တတ်အောင်သင်ပေးခဲ့တာ ကျွန်မရဲ့ ဖခင်ပါ။ ကလေးဘဝတုန်းက ခနခနကောင်းလို့ ဆေးသောက်တဲ့နေရာမှာ ဆေးတွေကို ခါးလို့ ကြိုက်မသောက်ချင်တဲ့ ကျွန်မကို ဆေးအပြားလိုက် လွယ်လွယ်ကူကူသောက်နိုင်အောင် သင်ပေးခဲ့တာ ကျွန်မ ဖခင်ပါ။
စည်းကမ်းရှိခြင်း၊ မဖြောင့်မတ်မှန်ကန်ခြင်း၊ ဇနီးနှင့် သားသမီးအပေါ်မှာချစ်ခြင်း၊ သစ္စာရှိခြင်း၊ တာဝန်ကျေခြင်း၊ အချိန်လေးစားခြင်းနှင့် စိတ်ရှည်ခြင်း၊ ဥာဏ်မြော်အမြင်နှင့်ပြည့်စုံခြင်းအစရှိတဲ့ အရည်အချင်းပေါင်းများစွာက ကျွန်မဖခင်အား ကျွန်မအတွက် လေးစားရတဲ့ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်စေခဲ့ပါတယ်။ ကျွန်မဖခင်ဟာ ဒါကအဖြေဘဲ၊ ဒါလုပ်ကာမှ အမှန်၊ ဒါပြောတာ လုပ်ရမယ်ဆိုပြီး ဘယ်တော့မှ အမိန့်မပေးခဲ့ပါဘူး၊ ဆိုးဆုံးမတဲ့နေရာမှာလဲ အကျိုးအကြောင်းပြပြီး နားဝင်အောင် ဆုံးမပါတယ်။ အဲဒါကြောင့် ကျွန်မဖခင်ဟာ ကျွန်မအတွက် ဖခင်ကောင်းတစ်ယောက်သာမက အကောင်းဆုံး မိတ်ဆွေ သူငယ်ချင်းလဲ ဖြစ်ပါတယ်။ အမည်ခံ ခရစ်ယာန်အဖြစ်မှ ဘုရားသခင်ကို နှလုံးသားနဲ့ သိရှိလာခဲ့ပြီးတဲ့ ကျွန်မရဲ့ ဖခင်ဟာ ဘုရားသခင်ကို အားကိုးတတ်လာပြီး ကျွန်မတို့ မောင်နှမတွေကို ဘုရားသခင်ရဲ့ လက်တော်မှာ အပ်နှံပြီး နေ့စဉ် ကျွန်မရဲ့ ဖခင်နဲ့ မိခင်က ကျွန်မတို့အတွက် ဆုတောင်းပေးတတ်ပါတယ်။
ရှားသောအားဖြင့် သားသမီးတွေဟာ အလက်တွေဟာ လစ်လျှော်ပြီး မိဘတွေက မချစ်ဘူးဆိုတဲ့ ခံစားချက်မျိုးကို ခံစားတတ်ကြတာမို့ ကျွန်မရဲ့ ဖခင်ဟာ အလတ်ဖြစ်တဲ့ ကျွန်မကို ပိုပြီးမေတ္တာပြခဲ့ပါတယ်။ ကျွန်မသိတတ်တဲ့အရွယ်မှာ မိခင်ဆီကလွဲ၍ စာပရေးတတ်တဲ့ ကျွန်မရဲ့ ဖခင်ဟာ တာဝန်နဲ့ ပင်လယ်ဆီးထွက်သွားခဲ့ရင် သမီးအကြီးကလဲ အကြီးမို့ သူ့ဘာသာသူ ရပ်တည်နိုင်တဲ့အချိန်၊ သားငယ်ကလဲ အငယ်ဆုံးမို့ မိသားစုဝင်းအားလုံးက ကရုစိုက်ချိန်မှာ စကောစကဖြစ်နေတဲ့ ကျွန်မကို စာရေးပြီး အားပေးခဲ့ ဆုံးမခဲ့ပါတယ်။ စိတ်လဲမရှည်ပါဘူး၊ ငယ်ဘဝတုန်းက ကျွန်မဖခင်ဆီက ရခဲ့တဲ့ ဘယ်တော့မှ မမေ့နိုင်မဲ့ မေတ္တာကျေးဇူးတရားတွေကို အောက်မေ့ရင်း ကျွန်မဖခင်အား ကျေးဇူးတင်မိပါတယ်။ လိမ္မာတဲ့ သမီးဖြစ်အောင် ကြိုးစားမယ်လို့လဲ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။
ညပိုင်းမှာတော့ အပါးဆီ ဖုန်းထပ်ဆက်ပြီး "အပါး " I LOVE U, I MISS U, GOD BLESS U " လို့ပြောခဲ့ပါတယ်။ အိပ်ယာဝင်တော့ ဘုရားသခင်ကို ရိုးရိုးလေးဘဲ ကျေးဇူးတော် ချီးမွမ်းခဲ့ပါတယ်။ အပါး လိုလူမျိုးကို ဖခင်အဖြစ်ဘဝအတွက် ပေးထားလို့ကျေးဇူးတင်ပါတယ်လို့ ... ... ...

အပါးကို ချစ်တဲ့ သမီးငယ်

**အယ်ထီးမူ**

( ဤစာစောင်လေးအားဖြင့် ယုံကြည်သူမောင်နှမ အယောက်ဆီတိုင်းလဲ ရရှိထားတဲ့ မိဘအတွက် ကျေးဇူးတော်ချီးမွမ်းတတ်ပြီး လိမ္မာတဲ့ သားသမီးများဖြစ်ပါစေလို့ ယေရှု နာမ၌ ဆုတောင်းပေးပါတယ်။ )



သဉ္ဇာတက ၃-၁၃

ကလေးလောင်းရှင်များနှင့် အပျက်ဖျက်မှ ပါဝင်ပေးသော်သူ အားလုံးကို ဒုရှု၊ရှင် အထူးကောင်းချီးပေးပါသေး၊

# ညှင်ညှင်သာသာကို့

လှည့်ကာ ဝိုင်းလို့၊ ဆော့ကြ ပြေးကြတဲ့ ကလေးငယ်တွေကို ကြည့်မိဖူးလား...
မြေပြင်ထက်ငယ် ဖွဲဖွဲ ရိုက်ခတ်၊ မိုးစက်သံသာ နားဆင်ဖူးလား...
မချိတရိ ပျော်ရွှင်စွာဖြင့် လိပ်ပြာများရဲ့ ပျံရာနောက်သို့ လိုက်ပါဖူးလား...
သနေ့ာဂ်လူညဆီ တိုးဝင်ခဲ့တဲ့၊ နေဝါမင်းအား ငေးကာကြည့်လျက်
အချိန်ကလေးလျှော့လိုက်မဟာ၊
မြန်မြန်ဆန်ဆန် မကလိုက်ပါနဲ့...
သံစဉ်က တိုတောင်းလွန်းပါတယ်၊ ဂေးဂီတ ဟာ ထာဝရ တည်မနေပါ...

ပြေးကာလွှားလို့ တစ်နေ့ပြီးတစ်နေ့ အချိန်ကုန်စေခဲ့ပါလား...
"နေကောင်းရဲ့လား" မေးတဲ့အခါ တုံ့ပြန်မှုရောကြားရဲ့လား...
ကုန်ဆုံးတစ်နေ့တာ အားသစ်မွေးဖို့ လျောင်းကာမှေးစက် နားမည်တိုလဲ
ညဉ်းလာနိပ်စက် ဦးခေါင်းထဲသို့ ဝင်ရောက်ဆက်တိုက် ဗျာပါဒသာက ရှိနေခဲ့ရင်
အချိန်ကလေးလျှော့လိုက်တော့ မြန်မြန်ဆန်ဆန် မက လိုက်ပါနဲ့...
သံစဉ်က တိုတောင်းလွန်းပါတယ်... ဂေးဂီတဟာ ထာဝရတည်မနေပါ...

ဒီနေ့ မဟုတ် မနက်ဖြန် မှ ဆ ရစေအောင်လို့၊ ရင်သွေးငယ်ကို နင်ထုတ်ခဲ့ပြီလား...
အလျင်စလို စိတ်ဆင်ရိုင်းကြောင့် ဆောဒကစိုးထိတ်၊ သားငယ်လေးကို ပြင်ရိုင်စွမ်းမရှိတော့ဘူးလား...
မတွေ့တာကြာပေါ့ ဖေ့ပျောက်ခဲ့ပြီး၊ ကူညီဖူးသူ မိတ်ဆွေခစ်အား
တခန်နောက်မယ် " မင်္ဂလာပါ " ပြောခွင့်ရှိမယ် မသေချာပြီမို့...
အချိန်ကလေး လျှော့လိုက်တော့၊ မြန်မြန်ဆန်ဆန် မကလိုက်ပါနဲ့...
သံစဉ်က တိုတောင်းလွန်းပါတယ်... ဂေးဂီတဟာ ထာဝရ တည်မနေပါ...




လျင်လျင်မြန်မြန် ယိုနေရာသို့ ရောက်ချင်လှသဖြင့်၊ ပြေးနေခဲ့သော်
ကြည်နှူးပျော်ရွှင်ခြင်း၊ ဆုံးပျောက် ရသ ဖြစ်နေမည်မှာ
တစ်နေ့တာအတွက် စိုးထိတ်မှုဖြင့် အလျင်စလိုပြုခဲ့ပါသော်
ယိုင်ပြတ် အချိန်သည်၊ ဖွင့်၍မရ လက်ဆောင်မွန်လို ဖြစ်နေမည်မှာ
အဝေးသို့နှင်ထုတ်လိုက် ... ဘဝ ဆိုသည်မှာ ယှဉ်ပြိုင်ခြင်းမဟုတ်...
ညင်ညင်သာသာဖြင့် ... ဂီတသံစဉ်ကို နားဆင်လျက် ...
သီချင်းသံ မစဲခင်မှာ ... ... ... ...

ရေးစီတော်၌ **နော်အေမီထွန်း**

( NEW YORK မြို့ဆေးရုံတစ်ခုတွင် ကင်ဆာရောဂါကြောင့် ပြင်းထန်စွာ ဝေဒနာခံစားရင်း မိမိ၏နောက်ဆုံးအချိန်ကို စောင့်မျှော်နေရှာသော အသည်မသိ မိန်းမပျိုလေးတစ်ဦး၏ "SLOW DANCE" ကဗျာကို ဘာသာပြန်ထားပါသည်။ သူမ၏ ကဗျာကို ဖတ်ရခြင်းဖြင့် လောကဇာတ်ခုံပေါ်တွင် သရုပ်ဆောင်နေကြသော ကျွန်ုပ်တို့ - ကျွန်မတို့အားလုံး အဓိပ္ပာယ် ရှိသော အသက်တာ၊ ပျော်ရွှင်ချမ်းမြေ့သော အသက်ကာကို ရွေးချယ်တည်ဆောက်သွားနိုင်စေဖို့ ဆန္ဒပြုရေးသားခဲ့ခြင်းဖြစ်ကြောင်းဖော်ပြထားပါသည်။ )

ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ



# သီးရိုးအပင်

ကျွန်တော်ဟာ သစ်ပွားကျခင်းထဲမှာ
ကျေးဇူးတော်ပင်ကို
စိုက်ပျိုးကြည့်လိုတဲ့ ဆန္ဒနဲ့အတူ
ကျွန်တော် ပိုင်ဆိုင်တဲ့
နှလုံးသား ဥယျာဉ်လေး ထဲမှာသဲ၊
မျိုးမှုန်းသီချင်းဆိုရင်း
စိုက်ပျိုးကြည့်လိုက်ပါတယ် ...

အမြစ်ကလေးတွေအဖြစ် ပထမဆုံး
ထွက်ပေါ်လာတာက
ယုံကြည်ခြင်း မျိုးစေ့လေးပါ။
အပင်တစ်ပင်ရဲ့ အတောက်အပံ့ဖြစ်ဖို့
ပင်စည်အဖြစ် ပေါင်းကူးပေးသူကတော့
ညီမျှခြင်းလေးဘဲပေါ့...

အပင်ရဲ့ အကိုင်းအခက်တွေအဖြစ်
မေတ္တာလာဒေါင်းလှုပ်ပေးသူက
ကယ်တင်ခြင်းဆုတော်းဖူး...
အသီးကလေးတွေ
ကောင်းမွန်စွာသီးနိုင်ဖို့
မြည့်ရုံအောင် ဖန်တီးပေးလိုက်သူကတော့
ဝိညာဉ်တော် အကျင့်ပေတည်း...

ထို့နောက် ...
ကျွန်တော့် ကိုယ်မှ ရရှိလာသော
အသီး များ ကို
မိတ်ဆွေထံသို့
ဝေမျှပေးလိုက်ပါတယ် ...
( ငြိမ်းကိုမင်း )


| အီစိုကို (ကျေးဇူးအတော်+ယုံကြည်ခြင်း=ကယ်တင်ခြင်း+အကျင့်) |
|---|

သင်စာ ၄-၁၇



သခင်ထံ မှ စာစောင်

# သမ္မာကျမ်းအဆိုအမိန့်များ နှင့် မြန်မာစကားပုံများ



## ၁၂။ ဝေါဘက်ရိုးပုံ ခေါင်းဝဲ့ခွေး။

**ရှင်မဿဲခရစ်ဝင် ၂၃း၁၃။** ။ လျှို့ဝှက်သော ကျမ်းပြုဆရာဖါရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင် နိုင်ငံတော်၏ တံခါးကို၊ လူတို့ရှေ့မှာပိတ်ထား၍၊ မိမိတို့လည်း မဝင်။ ဝင်လိုသောသူတို့ကိုလည်း၊ ဆီးတားကြသည်တကား၊ မိန့်တော်မူ၏။

**ရှင်လုကာခရစ်ဝင် ၁၁း၅၂။** ။ ကျမ်းတတ်တို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား ပညာဖွင့်သောသော့ကို သိမ်းထား ကြပြီ။ မိမိတို့လည်း မဝင်။ ဝင်လိုသောသူတို့ကိုလည်း၊ ဆီးတားကြသည်ဟု မိန့်တော်မူ၏။

## ၁၃။ မျက်နှာကြီးရာ ဟင်းဖတ်ပါ။

**ရှင်ယာကုပ်ဩဝါဒစာ ၂း၂ – ၃။** ။ ရွှေလက်စွပ်နှင့် တင့်တယ်သောအဝတ်ကို၊ ဝတ်ဆင်သောသူ၊ ညစ်သောအဝတ်ကို ဝတ်၍ဆင်းရဲသောသူ နှစ်ဦးတို့သည်၊ သင်တို့၏တရားဇရပ်ထဲသို့ဝင်သောအခါ၊ တင့်တယ်သောအဝတ်ကို၊ ဝတ်ဆင်သောသူကိုကြည့်၍၊ ကောင်းမွန်သော အရပ်မှာထိုင်ပါဟူ၍၎င်း၊ ဆင်းရဲသောသူကို၊ ဟိုမှာနေလော့၊ သို့မဟုတ် ငါ့အရပ်မှာ ငါ့ခြေတင်ခုံအောက်၌ ထိုင်လော့ဟူ၍၎င်း၊ သင်တို့ သည် ပြောဆိုလျှင်၊ တစ်ဘက်၌၊ ငဲ့ကွက်သောစိတ်ရှိ၍၊ မကောင်းသော အကြံအစည်များနှင့်၊ စီရင်သောသူ ဖြစ်ကြသည် မဟုတ်လော။

## ၁၄။ ခွေးမြီးကောက် ကျည်တောက်စွပ်။

**ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၂း၂၂။** ။ ခွေးသည် မိမိအံဖတ်ကို ပြန်၍စား၏။ ဝက်သည်လည်း၊ ဆေးပြီးမှ၊ ရွှံ့တွင်လူးပြန်၏ဟု၊ မှန်သော စကားပုံသည်၊ ထိုသူတို့၌ပြည့်စုံသတည်း။

## ၁၅။ ဇာသိခေါက်ခတ် ဇာဝင်နက်။

**ရှင်မဿဲခရစ်ဝင် ၁၃း၁၅။** ။ အကြောင်းမူကား၊ ဤလူမျိုးသည်၊ မျက်စိမမြင်၊ နားမကြား၊ စိတ်နှလုံးမသိ၊ သူကျင့်မပြောင်းလဲ၊ သူ့ကို အနာရောဂါကို၊ မငြိမ်းစေရသည်တိုင်အောင်၊ သူတို့စိတ်နှလုံးသည် မိုက်လျက်၊ နားသည် ထိုင်းလျက်၊ ကိုယ် မျက်စိကို ပိတ်လျက် ရှိကြ၏ ဟူသောစကားသည်၊ ဤလူတို့၌ပြည့်စုံခြင်းသို့ ရောက်သတည်း။

**ရှင်မာကုခရစ်ဝင် ၈း၁၈။** ။ မျက်စိရှိလျက်ပင် မမြင်၊ နားရှိလျက်နှင့်မကြား၊ စိတ်မအောင့်မေ့ဘဲ နေကြသလော။

**ဗျာဒိတ်ကျမ်း ၂း၂၁ မှ ၂၂။** ။ နောင်တရသင့်သော ကာလကို၊ ငါပေးသော်လည်း၊ သူသည် မတရားသောမေထုန်ကို၊ နောင်တရချင် သောစိတ်မရှိ။ ထို့ကြောင့်သူ့ကို၊ အိပ်ယာ၌ငါချထားမည်၊ သူနှင့်အတူ၊ မတရားသော မေထုန်ကိုပြု၍၊ ထိုသို့သောအကျင့်ကို၊ နောင်တမ ရသောသူတို့ကိုလည်း၊ ကြီးစွာသောဆင်းရဲခြင်းသို့ ရောက်စေမည်။

## ၁၆။ ဘိနပ်နဲ့ ထီးစပါရင်၊ ခွေခါးမှာသိ။ ငါးနဲ့သီလ စပါရင်၊ သေခါးမှာသိ။

**ရှင်မဿဲခရစ်ဝင် ၇း၂၁ မှ ၂၃။** ။ သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း၊ ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်၊ ကောင်း ကင်ဘုံ၌ရှိတော်မူသော၊ ငါ့ခမည်းတော်၏အလိုကို၊ ဆောင်သောသူသာလျှင်၊ ဝင်ရလိမ့်မည်။ ထိုနေ့၌ကား၊ သခင်၊ သခင်၊ ကျွန်ုပ်တို့ သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့်၊ နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကို၊ ပြပါပြီမဟုတ်လောဟု အများသောသူတို့သည်၊ လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက် သောအခါ၊ သင်တို့ကို၊ ငါအလျှင်းမသိ၊ အဓမ္မအမှုကို၊ ပြုသောသူတို့ငါ့ထံမှဖယ်ကြလော့၊ ဟုသူတို့အား၊ အတည့်အလင်း၊ ငါပြောမည်။

**ရှင်မဿဲခရစ်ဝင် ၁၆း၂၇။** ။ လူသားသည်၊ မိမိအဖခမည်းတော်၏ ဘုန်းအသရေတော်ကိုဆောင်လျက်၊ ကောင်းကင်တမန်အရံတို့နှင့်၊ ကြွ လာတော်မူလတံ့။ ထိုအခါလူအသီးသီးကျင့်သောအကျင့်နှင့် အလျောက်၊ အကျိုးအပြစ်ကို၊ ဆပ်ပေးတော်မူလတ္တံ့။

**ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၅း၁၀။** ။ အကြောင်းမူကား၊ ငါတို့ရှိသမျှသည်၊ ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိ သည်အတိုင်း၊ အကျိုးအပြစ်ကို၊ အသီးသီးခံစေခြင်းငှါ၊ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာကြရမည်။

**ဗျာဒိတ်ကျမ်း ၂၀း၁၃။** ။ လူအသီးသီးတို့သည်၊ မိမိတို့အကျင့်အတိုင်း၊ တရားစီရင်ခြင်းကို၊ ခံရကြ၏။

## ၁၇။ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်။

**ရှင်မဿဲခရစ်ဝင် ၂၄း၁၃။** ။ အကြင်သူသည်၊ အဆုံးတိုင်အောင် တည်ကြည်၏၊ ထိုသူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။

**တိမောသေဩဝါဒစာဒုတိယစောင် ၄း၇။** ။ ကောင်းစွာသောတိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို၊ အဆုံးတိုင်အောင် ပြေးပြီ။

**စောမူးလယ်ထူး** (လက်ပံတန်း)

မည်သူမဆို စာမူများ ရေးသားပေးပို့နိုင်ပါသည်။ နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏနှင့် ငြိစွန်းပါတ်သက်သော စာမူများကို လုံးဝလက်မခံပါ။
ရောက်ရှိလာသော စာမူများကို အချိန်သင့်သလို ဖော်ပြပေးသွားပါမည်။



စိတ်နှလုံးနိုင်ငံရှိသောသူ မင်းလုပ်သော ထိုသူသည် မင်းလည်းဖြစ်၏။ အမျက်ထွက်ခြင်း နှေးသောသူသည် မြို့ကိုတိုက်ယူ ယူသောသူထက်သာ၍ မြတ်၏ ... အချိန်ခပ်သိမ်း ...

ဟုတ်ကဲ့ ... အဲဒီဗျာ ကျမ်းချက်က ဒီနေ့ မနက် ဥပုသ်စာ ကျောင်းမှာ ဆရာမက သင်ပေးလိုက်တာလေ ... အလျင်ဦးဆုံးရတဲ့လူ ဆုလက်ဆောင်ပါမယ်ဆိုလို့ သူများထက် အလျင်ဦးအောင်ဆောင် ဆိုပြလိုက်သေးတယ်... ဆိုလို့ ရွတ်လို့ ကောင်းလိုက်တာ ...

အိမ်ရောက်တော့ မိဘမောင်နှမတွေကိုလဲ ရွတ်ပြလိုက်သေးတယ်... သူတို့က သိပ်တော်တာဘဲလို့ ဝိုင်းပြီးချီးကျူးကြတယ်... ထမင်းစားပြီးတော့ နေ့လည်ဘက်မှာ သူငယ်ချင်းတွေနဲ့ ကစားဖို့ ချိန်းထားတယ်လေ... ကစားလို့ ကောင်းလိုက်တာ အပျော်လွန်ပြီး မနက်က အလွတ်ကျက်ထားတဲ့ ကျမ်းစာလေးကိုလဲ မေ့သွားရောပေါ့...

ညနေကြတော့ ကျယ်ကျယ်လောင်လောင်နဲ့ ရူးရှတဲ့ အသံတစ်သံ ကစားဝိုင်းထဲက ထွက်လာတယ် "မင်းတို့ ဘယ်လောက်မိုက်လဲ၊ လူပါးလာမဝနဲ့ကွ မင်းလဲ ရေစီးယာနီ ငါလည်းရေစီးယာနီ လုံးကြီးတင် ( ဉ ) မပြောနဲ့ သေးသေးတင် ( ဉ ) တောင် မခံဘူး ငါ့အကြောင်း သိသွားမယ်... တောက် ! "

ဟဲ ... အဲဒီ အသံကြားလိုက်ရတာနဲ့ မနက်တုံးက အလွတ်ကျက်ခဲ့မှုတဲ့ ကျမ်းစာလေးတောင် ကြောက်လွန်းလို့ ချောင်ကပ်ပြီး ပုန်းနေရတယ်... ... ...

**မလေး [ ဂျူလိုင် ]**

ooooooooooooooooooooooooooooooooooooooooooooooo



နှစ်ပေါင်းကြာမြင့်စွာ မငြိမ်မသက်ဖြစ်စေခြင်း၊ စိတ်ရှုပ်ထွေးမှုများဖြင့် အသက်ရှင်ခဲ့ပါသည်။ တစ်ချိန်လုံးပင် အသက်တာမှာ တခုခုအတွက် စိတ်အနှောက်အယှက်ဖြစ်နေသကဲ့သို့ ခံစားနေရပါသည်။ အပြဲပြဲ မိုးမိမ်ပူပန်တတ်ခြင်းဖြင့် အသက်ရှင်ခဲ့ပါသည်။ ယခုအခါတွင် ငြိမ်သက်ခြင်းဖြင့် အသက်ရှင်နိုင်ဖို့ရန်အတွက် ဘုရားသခင်၏ နှုတ်ကပါတ်တော်မှ သွန်သင်မှုကို ခံယူနိုင်ခဲ့ပါပြီ၊ အသက်တာမှာ မငြိမ်မသက်ဖြစ်နေခြင်းသည် အလဟဿ၊ မည်သို့မှ အသုံးမဝင်ကြောင်း၊ အသက်တာ၏ အတွေ့အကြုံများအားဖြင့် သိရှိခွင့်ရခဲ့ပါသည်၊ ငြိမ်သက်ခြင်း မနောက်သို့ လိုက်လျှောက်ခဲ့လျှင် အမှန်တကယ်ပင် အသက်တာကို နှစ်မြိုက်စွာ ခံစားရမည် ဖြစ်ပါသည်။

ကျွန်မ၏ အသက်တာတွင် ငြိမ်သက်နှစ်မြိုက်စွာ ခံစားအသက်ရှင်နိုင်ဖို့ရန် အချက်တစ်ချက်က ကြီးမားသော အထောက်အကူ ပေးခဲ့ပါသည်။ ကျွန်မ ဖွမ်းဆောင်ရန် မတတ်နိုင်သောအရာအား ကြိုးစားပြီးလုပ်ဆောင်ခြင်းသည် မည်သို့မျှပင် အသုံးမဝင်ဘဲ စိတ်အနှောက်အယှက်သာ ဖြစ်စေသည်ကိုသိခဲ့ရသည်။ စာဇက်သူမိတ်ဆွေ သင်သည်လဲထိုကဲ့သို့ လုပ်ဆောင်နေပါသလား။ အရာရာကို ဖြစ်ပျက်စေရန် မိမိကိုယ်မိမိ စိတ်အနှောက်အယှက် ပေးနေသလား။ ဘုရားသခင်တွင် အရာအားလုံးအတွက် ဒီကျုံ ထင်ရည့် အချိန်ရှိနေပါသည်။ ကျွန်မတို့ အနေနှင့် ဘုရားသခင်၏အချိန်ကို စောင့်ဆိုင်းရမည်ဖြစ်ပါသည်။

ယေဘုယျအားဖြင့် ဆိုရလျှင် အရာရာကို မိမိရာဆီ မဟုတ်သော အချိန်၌ ဖြစ်ပျက်စေ၍ မရပါ။ ရာသီမဟုတ်သော အရာတခုခု ဖြစ်စေနိုင်ခဲ့သည် ဆိုစေကာမူ ထိုအရာအပေါ်တွင် ပျော်ရွှင်မှု မည်သည့်အခါမှ ရရှိနိုင်မည်မဟုတ်ပါ။ ဘုရားသခင်အား စောင့်ဆိုင်းနိုင်ဖို့ရန် သွန်သင်မှုကို ခံယူနိုင်မှသာလျှင် ငြိမ်သက်ခြင်းကို ရရှိမည်ဖြစ်ပါသည်။

မဖြစ်နိုင်သောအရာကို မိတ်ဆွေကြိုးစား လုပ်ဆောင်နေပါသလား။ မိတ်ဆွေ၏ အိမ်ထောင်ဖက်၊ သားသမီး၊ ဆွေမျိုး မိတ်ဝန်းကျင်၌ ရှိသောလူတစ်ဦးဦးကို ပြုပြင်ပြောင်းလဲဖို့ရန် လုပ်ဆောင်နေပါသလား။ လူလူချင်း ပြောင်းလဲစေနိုင်သော အစွမ်းမရှိပါ။ ဘုရားသခင်သာလျှင် လူတစ်ဦး၏ စိတ်နှလုံးအတွင်း ထိုးဖောက်ကာ ပြုပြင်ပြောင်းလဲနိုင်ပါသည်။ လူတို့အား ပြင်ပမှ ထောက်ထားချက်များဖြင့် ဖိအားပေး ပါက ရလဒ်မှာ လူတိုင်း၏ ငြိမ်သက်ခြင်း ပျက်ပြားသွားမည်သာဖြစ်သည်။ ကျွန်မတို့အား ပညတ်တရားထောက်မှာ ထားရှိဖို့ရန် ဖန်ဆင်းခဲ့ခြင်းမဟုတ်ပါ။ လူသားတိုင်း လွတ်လပ်မှုကို လိုလားပါသည်။

ကျွန်မ၏ အသက်တာတွင် အရမ်းချစ်ရသော ချစ်သူတစ်ဦး ရှိပါသည်။ သူသည် ဂီတာတီးစတ်ခြင်းကို အလွန်ဝါသနာပါသော သူတစ်ဦးဖြစ်ပါသည်။ အသင်းတော်မှာ ဂီတာတီးခြင်းဖြင့် ပါဝင်ဆောက်တည်ပေးသူ ဖြစ်ပါသည်။ ကျွန်မက သူ့အားချစ်လွန်း၍ ဂီတာတစ်လုံးကို ချစ်လက်ဆောင်အဖြစ် သူ့အား ဝယ်ပေးခဲ့ပါသည်။ ထိုအခါ အားလပ်ချိန်တိုင်းတွင် သူသည် ဂီတာတီးပြီး သီချင်းဆိုလေ့ရှိသည်၊ သီချင်းကျင့်နိုင်ဖို့ရန် ဂီတာကြိုးညှိရသည်၊ ဂီတာကြိုး အသစ်လဲရသည်၊ နှစ်အတော်ကြာလာသော် ကျွန်မ၏ စိတ်အထင်တွင် သူသည် ဂီတာနှင့် အချိန်ပိုယူလွန်းသည်ဟု ထင်မြင်ယူဆလာခဲ့သည်၊ ကျွန်မအနေနှင့် သူနှင့် အချိန်ယူ နေတိုင်လိုသော်လဲ သူက ဂီတာကိုသာ ဦးစားပေးနေသောကြောင့် ကျွန်မ စိတ်လောက်ခဲ့သည်။ ဒေါသထွက်ခဲ့သည်။ တခါတရံ စကားမပြောဘဲ နေခဲ့သည် ထိုအခါ ကျွန်မ၏ မည်သည့်လုပ်ဆောင်ချက်မှ မအောင်မြင်ခဲ့ပါ။ တစ်ချိန်လုံး စိတ်အနှောက်အယှက် ဖြစ်ခဲ့ရပါသည်။ တခါတရံ သူဂီတာမတီးဘဲနေပါသည်။ ကျွန်မ စိတ်ဝင်စားဖွယ်ကောင်းသော လိုအပ်ချက်များကို ရယူနိုင်ခဲ့သော်လဲ ငြိမ်သက်ခြင်းကိုတော့ မရခဲ့ပါ။ ကျွန်မ ငြိမ်သက်ခြင်းမရခဲ့ခြင်းမှာ ကျွန်မ၏ အလိုဆန္ဒကို မှားယွင်းသောနည်းလမ်းဖြင့် ရယူနေခြင်းကြောင့် ဖြစ်ပါသည်။ လူတစ်ဦးအား အတင်းအဓမ္မ ပြောင်းလဲရန် ကြိုးစားခဲ့လျှင် ထိုလုပ်ဆောင်ချက်သည် သင်၏ ငြိမ်သက်ခြင်းကို ခိုးယူသွားမည် ဖြစ်သည်။


မိတ်ဆွေသည် ပိညာဉ်ရေးရာအရ ရောက်ရှိလိုသောအရပ်သို့ မရောက်ရှိနိုင်သောကြောင့် စိတ်အနှောက်အယှက် ဖြစ်နေပါသလား။ မိမိကိုယ်မိမိ ပြောင်းလဲဖို့ရန် ကြိုးစားနေပါသလား။ မိတ်ဆွေ၏ အသက်တာ၌ လုပ်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်အတွက် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပူးပေါင်းဆောင်ရွက်ဖို့ရန် လိုအပ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် မိတ်ဆွေအား စုံလင်စေပြီး ရင့်ကျက်မှုအဆင့်သို့ ခေါ်ဆောင်သွားမည် ဖြစ်ပါသည်။ ပိမိဘာသာ မိမိလုပ်ဆောင်၍ မရနိုင်ပေ။ ကျွန်မတို့ မလုပ်ဆောင်နိုင်သည့် အရာအတွက် တစ်ခုခုကို ကြိုးစားပြီးလုပ်ဆောင်နေလျှင် ကျွန်မတို့သာ စိတ်ရှုပ်ထွေးလာပြီး ငြိမ်သက်ခြင်းကို နှစ်မြိုက်စွာ ခံစားနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်မတို့ လောကီသားအားလုံး၏ နေ့စဉ် အသက်တာမှာ ငြိမ်သက်ခြင်း အားဖြင့်နေထိုင်ဖို့ရန်ပင် ဖြစ်ပါသည်။ ဒုတိယအကြိမ် မွေးဖွားခြင်း ခံပြီးဖြစ်သော ဘုရားသခင်၏ သားသမီးတိုင်းသည် ငြိမ်သက်ခြင်းနှင့်ပြည့်ဝသော အသက်တာကို နှစ်မြိုက်စွာ ခံစားနေရမည်ဖြစ်ပါသည်။ သခင်ယေရှုခရစ်တော်သည် ကျွန်တော် ကျွန်မတို့ လောကီသား အားလုံးအတွက် အထူးငြိမ်သက်ခြင်း ကိုပေးခဲ့ပါသည်။ ယောဟန် ၁၄း၂၇ ငြိမ်သက်ခြင်းကို သင်တို့၌ ပေးထားခဲ့၏ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားပေးပေး၏၊ လောကီသားတို့ ပေးသကဲ့သို့ ငါပေးသည် မဟုတ်၊ သင်တို့စိတ်နှလုံး ပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။ ဟု ဘုရားသခင်၏ ငြိမ်သက်ခြင်းကို နှစ်မြိုက်စွာ ခံစားရရှိ နိုင်ပါစေ။

**[နော်ဖြူဝင်းထိုက်ဦး ]**

ဆောင်းပါးရှင်

# မမေ့မပျောက်နိုင်သောအရသာရှိခဲ့သောထမင်းချိုင့်



နံနက်တိုင်း သူနှင့်ကျွန်မ ဖုန်းပြင့်စကားပြောလေ့ရှိသည်။ ပြော၍မကုန်နိုင်သော စကားများကို လူချင်းမတွေ့နိုင်သည့်အခြေအနေ၌ တယ်လီဖုန်းလေးသည် စိတ်ရည်စွာဖြင့်သူနှင့် ကျွန်မအတွက်အသုံးတော်ခံခဲ့သည်။ မိမိ၏ လက်ရှိလုပ်ငန်းခွင်အကြောင်းနှင့် တွေ့ကြုံရသော အခက်အခဲများကို မျှဝေခံစားကြသည်။ တွေ့ရာလေးပါး ဟာသများပြော၍ နှစ်ယောက်သားရယ်မောကြသည်၊ ရံဖန်ရံခါ အတိတ်ကအကြောင်းလေးများအား ပြန်ပြောင်းအောက်မေ့သောကြောင့် ပစ္စုပ္ပန်နှင့် မတူညီတော့သော ဖြစ်ရပ်လေးများကို နှိုင်းယှဉ်ကာ ကျေးဇူးတော်ချီးမွမ်းတတ်ပြန်သည်။ အရာရာတိုင်းသည် သူနှင့် ကျွန်မအတွက်ပြောင်းလဲခဲ့သော်လည်း အဝကျင် မမေ့အပ်သည့် ဖြတ်သန်းကျော်လွှားပုံများကတော့ ကြေးမုံပြင်ကို ကြည့်လိုက်တိုင်း ရောင်ပြန်ဟပ်နေဆဲဖြစ်သည်။ သူနှင့်ကျွန်မ ဖြတ်ပျံချင်သာနေသည့် အတိတ်ကအကြောင်းအရာလေးတစ်ခုကို သူ့ထံမှ ခွင့်ပြုချက်ရယူကာ စာဖတ်ပရိသတ်ထံ ဝေငှလိုက်ပါသည်။

ငယ်စဉ်ကျွန်မ ကျောင်းနေစဉ်ကာလများက (အစ်ကိုဝမ်းကွဲများ အပါအဝင်) မောင်နှမများသောကြောင့် ကျောင်းသို့သွားရန် အခက်အခဲတစ်ခုဖြစ်ခဲ့ဖူးသည်။ ထိုအခက်အခဲမှာ ထမင်းချိုင့် ပြဿနာပင်ဖြစ်သည်။ အသက်ကြီးကိုတက်နေသော အစ်ကိုနှင့်အစ်မအချို့ အတော်အသင့်ကောင်းသော ထမင်းဗူးလေးများ သုံးနေကြသော်လည်း ကျွန်မနှင့်အခြားနှစ်ယောက်မှာမူ တပ်မတော်သားများသုံးလေ့ရှိသော စစ်သုံး ဟန်းကောချိုင့်ကြီးတစ်လုံးကို အမေ မီစဉ်ပေးခဲ့ပါသည်။ ၃ယောက်ပေါင်း၍ ချိုင့်တစ်လုံးထဲတွင်စားရန်ဖြစ်ပြီး ထိုချိုင့်ကြီးကို နေ့စဉ်ကျောင်းသို့အလယ်သွားရမည့်သူမှာ ကျွန်မဖြစ်သည်။ အတန်းဖော်များ၏ ကဲ့ရဲ့သံကို ကျွန်မ ရက်မိသော်လည်း ဘဝက သင်ပေးလိုက်သော ရောင့်ရဲတင်းတိမ်ခြင်းနှင့် ကျွန်မ အရက်ဖြေခဲ့သည်၊ ထမင်းစားချိန်ရောက်သည့်အခါတိုင်း ကျောင်းဝင်းအတွင်းရှိ ဗီတောက်ပင်ရိပ်ကြီးအောက်တွင် မောင်နှမသုံးယောက်ဆုံ၍ မြိန်ယှက်စွာ စားသောက်ကြသည်။ တစ်ခါတစ်လေ ကျွန်မ၏ မိန်းကလေးသူငယ်ချင်းများ ပါလာပါက အစ်ကိုသည် ရှက်၍ ထမင်းလာမစားတော့ပေ။ အခန်းထဲတွင်လည်း အခြားသူများ၏ ချိုင့်ထက် နှစ်ဆရှာစာ ပို၍နေရာယူသောကြောင့် နေရာပြဿနာ တက်ကာ ရန်ဖြစ်ရပြန်သည်။ သို့သော် နိုင်ငံခြားဖြစ် ကော်ဗူးလှလှလေးများ၊ ဇင်းချိုင့်ပြောင်ပြောင်လေးများကြားတွင် ကျွန်မ၏ (ဗိုက်တွင် နွားနို့ကျိုလျှင်သုံးလေ့ရှိသော) ဖွဲ့ပြာပြာစစ်စိမ်းရောင် ပိန်ချိုင့်ရှုံ့တွနေသော ဟန်းကောချိုင့်ကြီးသည် ရင်ကော့၍ မားမား ရပ်တည်နိုင်ခဲ့ပါသည်။

ထိုအဖြစ်အပျက်လေးများကို သူ့အားကျွန်မ ရင်ဖွင့်မိသောအခါ သူ့ထံမှ ကားကားဟားဟားရယ်မောသံကြားရပြီး "ဟန်းကောချိုင့်က တော်သေးတာပေါ့ ငါက နှင့်သာက်ပို့ဆိုးတယ်" ဟုဆိုကာ သူ၏ဖြစ်ရပ်မှန်ကို ကျွန်မအား အောက်ပါအတိုင်း ပြောပြလေသည်။

သူအထက်တန်းကျောင်းတက်စဉ်က မောင်နှမများလွန်းသောကြောင့် ကျွန်မကဲ့သို့ ထမင်းချိုင့်ပြဿနာ တက်ခဲ့ရသည်။ နယ်ကျောင်းမို့ တစ်နေကုန် တက်ရသောကြောင့် ထမင်းချိုင့်မှာ မပို့မဖြစ်လိုအပ်သည်။ အသက်ချင်း သိပ်မကွာသော မောင်နှမများထဲတွင် သူသာလျှင် အနုစ်နာခံရန် ဝန်မလေးသောကြောင့် ဂုန်နီအိတ်လိုလို၊ ဆာလာအိတ်လိုလို အိတ်ကြီးထဲတွင် ထမင်းအိုးလည့်ကာ ချိုင့်အဖြစ် အသုံးပြုခဲ့ရပါသည်။

မနက်ကျောင်းသို့ သွားသည့်အခါ ထိုအိတ်ကြီးအား ထမ်းသွား၍ ညနေကျောင်းက ပြန်လာသည့်အခါတွင်လည်း ထိုအိတ်ကြီးက သူ့ကျောနှင့်မကွာ ကပ်၍ပါလာခဲ့သည်။ စာသင်နေစဉ် အတန်း၏ခုံအောက်တွင်ထားသော် အခြားသူများ ခလုတ်တိုက်မိ၍ အကန့်အလိုင်ဆရာမနှင့် အတိုင်ခံရပြန်ပါသည်။ သို့သော် အဝေဝေထားကြီးသော ဆရာမကြောင့် ပန်းကန်သုံးလေးချပ်နှင့် ထမင်းအိုးအတုတ်ကြီးအား ကျောင်းဇကိုခန်းတွင် ထားခွင့်ရခဲ့ပါသည်၊ တစ်ခါတလေ၌ သူ၏ အခမဲ့ ထိုအိုးအား ပက်စာကျိုတတ်သောကြောင့် မိကျး၍ မွဲ့စောင်းပိန်ပြဲ့နေသော အိုးလည်းဖြစ်သည်။

ထိုအဖြစ်အပျက်များကို သူသတိရလွန်း၍ ယခင်က တစ်ခါမှ မသုံးခဲ့ဖူးသော စတီးချိုင့်လှလှလေးများကို ယခု စင်ကာပူတွင် ပေါ်လာမှ ဝယ်ပစ်လိုက်သည် ဟုဆိုပါသည်။ သူ၏စကားအဆုံးမှာတော့ ကျွန်မလည်းအူတက်မတတ် ရယ်မောမိပါသည်။

မည်သို့ပင်ဖြစ်စေ လက်ရှိအခြေအနေမှာတော့ သူနှင့်ကျွန်မသည် တစ်လလျှင် ထမင်းချိုင့်များစွာကို ဝယ်ယူနိုင်သော လစာငွေကို ဘုရားရှင် ပြင်ဆင်ပေးခဲ့ပါပြီ၊ ထမင်းနပ်မှန်အောင်မစားနိုင်သော ကမ္ဘာပေါ်ရှိအချို့သောမှ လူများနှင့်စာလျှင် ကျွန်မနှင့်သူသည် ငယ်စဉ်ကျောင်းသား ဘဝက ထမင်းချိုင့် လှလှလေးများ မရှိခဲ့သော်လည်း ထမင်းနပ်မှန်အောင်ကျွေးခဲ့သော ဘုရားသခင်၏ ကျေးဇူးများကို ချီးမွမ်းနိုင်ခဲ့ပါသည်။ စာဖတ်လေကပေသာ။ မမေ့အပ်သော အကြောင်းအရာများထဲမှ သူနှင့်ကျွန်မ၏ ကိုယ်ဆိုင်မှုဖြစ်ရပ်လေးကို စာဖတ်သူများဖတ်ပြီးမှာ မိမိ၏ အတိတ်က ဘဝ အသက်တာ မည်သို့ရှိခဲ့ဖူးသည်ကို ပြန်လည်အောက်မေ့၍ ပစ္စုပ္ပန်နှင့်နှိုင်းယှဉ်ကာ ကျေးဇူးတော် ချီးမွမ်းနိုင်ကြပါစေဟု ကိုက်တွန်းလိုက်ပါသည်။

ဆာလံ ၁၀၃း၂ ငါ့ဝိညာဉ် ထာဝရဘုရားကို ကောင်းကြီးပေးလော့။
ကျေးဇူးတော် တစ်ပါးကိုမျှ မမေ့လျော့နှင့်။။

၂ကော ၉း၁၅ ပြော၍ မကုန်နိုင်သော ဘုရားသခင်၏ ဆုကျေးဇူးတော်ကို အောက်မေ့၍ ချီးမွမ်းခြင်း ရှိစေသတည်း။။

ဆက်လက်၍ ကျေးဇူးတော်ကို ချီးမွမ်းနေအုံးမည် ...
သူ နှင့် ကျွန်မ ... ဆွေးရင့်စိမ်း ( စင်္ကာပူ )

ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ

# သုတ္တံကျမ်းစကားများအတိုင်း အလေ့အကျင့်ကောင်းခြင်း

ဆို အမေ ဘုရားသခင်

သုတ္တံကျမ်းစာပေ့ါ်မြင်တွင် အပေါင်းအသင်း မှားခြင်း၏ အန္တရာယ်များကို ယင်ရှားစွာတွေ့မြင်ရပါသည်။ ကျွန်တော်တို့ သူငယ်ချင်းကောင်းများကိုသာ ရွေးချယ်လိုတာကို ကိုယ်တော်သိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဥာဏ်ပညာ လိုအပ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင် ကျွန်တော်တို့သည် အကျင့်စာရိတ္တ ပေါ်တွင် မှုမှုတတဆုံးဖြတ်နိုင်သူများ ဖြစ်စေရန်မဟုတ်ပါ။ သုတ္တံကျမ်းစာက ပြောသည် မကောင်းသော သူငယ်ချင်းများ ဆိုသည်မှာ -

- အမျက်ဒေါသ ထွက်လွယ်သောသူ ဖြစ်သည်။ ( သုတ္တံ ၁၂း၁၆၊ ၂၉း၁၁ )
- ဂုဏ်မငြိက် ထတ်သောသူ ဖြစ်သည်။ ( သုတ္တံ ၁၄း၁၆ )
- မိဘ၏ ဆိုဆုံးမစကားကို နားမထောင်သောသူ ဖြစ်သည်။ ( သုတ္တံ ၁၅း၅ )
- အများ ထပ်ကာကျူးလွန်သူ ဖြစ်သည်။ ( သုတ္တံ ၂၆း၁၁ )
- အတင်းစကား ပြောလေ့ရှိသောသူ ဖြစ်သည်။ ( သုတ္တံ ၁၀း၁၈ )
- ရန် စတင် တွေ့ဆက်သောသူ ဖြစ်သည်။ ( သုတ္တံ ၂၀း၃ )

ကိုယ်တော်၏ နှုတ်ကပါတ်တော်မှ ဥာဏ်ပညာစကားများ အတွက် ကျေးဇူးတင်ပါ၏၊ သူငယ်ချင်း ကောင်းများသည် ကျွန်တော်တို့၏ ဘဝကို သာ၍ ကောင်းအောင် ပြုစေနိုင်သောသူ ဖြစ်သလို၊ ကိုယ်တော်နှင့် ပို၍ နီးအောင် ဆွဲခေါ်နိုင်သောသူများ ဖြစ်ကြောင်း ဖော်ပြထားသောကြောင့် ကိုယ်တော်အား ကျေးဇူးတင်ပါ၏။ အာမင် ။

( 'သုတ္တံ' ကို ဖော်ပြထားသောတွင် ပုံစကား (ဟေရှာယ ၁၄း၄ ) မရော့ဖက်စကား (ဓာလည် ၂၃း၇-၁၈ ) နှင့် စကားဟောင်းပုံ ကိုး၍ ပြောသော ပုံစကား ( ယေဇကျေလ ၁၇း၂ ) ဟူ၍ အနက်အဓိပ္ပါယ် ဖြန့်ဆိုထားပါသည်။ )
[ ဝင်မင်းသန့် ] ၂၆-၀၅-၀၂

ဤ သခင်ဝကား ဝာဆောင်ကို မိတ္တူကူး၍ သင့်မိသားစုနှင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများထံ ပေးပို့ခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။